ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)
Email: teamseckscc@protonmail.com

# ကရင်နီပြည်အတိုင်ပင်ခံကောင်စီ
# ကရင်နီပြည် လူငယ်ရေးရာမူဝါဒ ထုတ်ပြန်ကြေညာခြင်း

ရက်စွဲ။ ။ ၂၀၂၄ခုနှစ်၊ မေလ (၇) ရက်

ကရင်နီပြည် ကြားကာလအစီအမံနှင့်အညီ ကရင်နီပြည်လူငယ်ရေးရာမူဝါဒအား ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ (၃၉)ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ ဆုံးဖြတ်ချက် အမှတ်စဉ် (၁/၃၉) အရ ဤကရင်နီပြည် လူငယ်ရေးရာမူဝါဒကို ပြဋ္ဌာန်းလိုက်သည်။



ပုံ
ဥက္ကဋ္ဌ
ကရင်နီပြည်အတိုင်ပင်ခံကောင်စီ

မိတ္တူ - ရုံးလက်ခံ။

ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)

# ကရင်နီပြည် လူငယ်ရေးရာမူဝါဒ (Karenni State Youth Policy)

## ဖြစ်စဉ်သမိုင်းအကျဉ်း

မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များနှင့် အနာဂတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်အတွက် လူငယ်များ ပြုစုပျိုးထောင်ရန်မှာ အရေးကြီးသော လုပ်ငန်းစဉ်ဖြစ်မည်ဟု ယုံကြည်ပါသည်။ မြန်မာနိုင်ငံတစ်ဝှမ်းလုံးအနက် ကရင်နီပြည် လူငယ်မောင်မယ်များ၏ ကာယဖွံ့ဖြိုးရေးနှင့် ဉာဏဖွံ့ဖြိုးရေးမှာလည်း အစိတ်အပိုင်းတစ်ရပ်အဖြစ် အရေးကြီးပါသည်။ လူငယ်များအား စနစ်တကျပျိုးထောင်ရေးအတွက် တိကျသော မူဝါဒများရှိထားရမည်ဖြစ်သည်။ သို့မှသာလျှင် ဥပဒေများကိုပြဋ္ဌာန်းနိုင်ရေးအတွက် လွှတ်တော်၏ ဆွေးနွေးမှုအရပ်ရပ်ကို အထောက်အပံ့ပြုနိုင်သည့် အခြေခံစဉ်းစားရမည့် စံနှုန်းများနှင့် အစိုးရဝန်ကြီးဌာနများအနေဖြင့် လုပ်ငန်းစီမံချက်များ ချမှတ်အကောင်အထည်ဖော်ရာတွင် လေးစားလိုက်နာ ကျင့်သုံးရမည့် လမ်းညွှန်ချက်များအဖြစ် ထားအပ်သည့် လူငယ်ရေးရာ မူဝါဒတစ်ရပ်ကို လိုအပ်သည် ဖြစ်သည်။ ၂၀၁၂ ခုနှစ်တွင် ကယားပြည်နယ်လူငယ်ကွန်ယက် (KSYN)မှ ဦးစီးပြုလုပ်သော လူငယ်ဖိုရမ်တစ်ကြိမ်၊ ၂၀၁၃ခုနှစ်၊ ဩဂုတ်လ (၂၂-၂၃) တွင် ပြုလုပ်သော လူငယ်ဖိုရမ်တစ်ကြိမ်၊ ၂၀၁၅ခုနှစ်၊ ဩဂုတ်လ (၂၈-၂၉)တွင် တစ်ကြိမ်၊ ၂၀၁၃-၂၀၁၅ခုနှစ်တွင် ကရင်နီပြည်လူငယ်များသမဂ္ဂ (UKSY) မှ ကရင်နီပြည် တစ်ဝှမ်းလုံး ကောက်ယူထားသော စစ်တမ်းအချက်အလက်များမှ လူငယ်များ၏ လိုလားချက်၊ တောင်းဆိုချက်၊ အမြင်များကို အခြေခံ၍ လူငယ့်ဘဝမြှင့်တင်ရေးအတွက် မျှော်မှန်းချက်များအဖြစ် လူငယ်အင်အားစုများအကြားတွင် ထားရှိခဲ့ပါသည်။

၂၀၁၆ခုနှစ် ဇွန်လ (၁၁-၁၃) ရက်နေ့ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တွင် ပြုလုပ်ခဲ့သည့် တတိယအကြိမ် မြန်မာနိုင်ငံ လူငယ်ဖိုရမ်တွင် နိုင်ငံလုံးဆိုင်ရာလူငယ့်ရေးရာမူဝါဒတစ်ရပ် ပေါ်ထွက်လာစေရန် ကြိုးပမ်းသွားမည်ဟူ၍ ရည်ရွယ်ချက် ချမှတ်လာခဲ့သည်။ ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ (၂၇) ရက်နေ့မှ ဩဂုတ်လ (၂) ရက်နေ့အထိ ရှမ်းပြည်နယ်၊ ပင်လုံမြို့တွင် ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံလုံးဆိုင်ရာ တိုင်းရင်းသားလူငယ်များ ညီလာခံတွင်လည်း တိုင်းရင်းသား လူငယ်များမူဝါဒ ပေါ်ထွက် လာရေး အကောင်အထည်ဖော်ရန်ဟူသည့် ဆုံးဖြတ်ချက်ထွက်ပေါ်လာခဲ့ပါသည်။ ၂၀၁၅ ရွေးကောက်ပွဲမှ ဖြစ်ပေါ်လာသော အရပ်သားတစ်ပိုင်းအစိုးရ၏ ရက် (၁၀၀) စီမံကိန်းတွင် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၏ စီမံချက် (၄) ရပ်ဖြစ်သော လူငယ်ရေးရာမူဝါဒရေးဆွဲရေး အကောင်အထည်ဖော်ရေး စီမံချက်ကို နိုင်ငံတော်သမ္မတရုံးသို့ တင်ပြလမ်းညွှန်ချက်ခံယူပြီး ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနတို့နှင့် ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ခဲ့ကြခြင်းများလည်း ရှိခဲ့သည်။

ကရင်နီပြည် (ကယားပြည်နယ်နှင့် ကယန်းဒေသ) ရှိ တိုင်းရင်းသားလူငယ်များ၊ လူငယ်အသင်းအဖွဲ့များမှ ၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ (၉) ရက်နေ့မှ (၁၁)ရက်နေ့အထိ လွိုင်ကော်မြို့၊ မြို့နယ်ခန်းမတွင် ကရင်နီပြည် လူငယ်မူဝါဒရေးဆွဲနိုင်ရေး လူငယ်များနှီးနှောဖလှယ်ပွဲကို ကျင်းပခဲ့ပါသည်။ ထိုလူငယ်နှီးနှောဖလှယ်ပွဲတွင် ယခင်လူငယ်ဖိုရမ်များတွင် ရရှိထားသည့် အချက်အလက်များ၊ ကရင်နီပြည် လူငယ်များသမဂ္ဂ(UKSY)မှ ၂၀၁၃ခုနှစ်မှ စတင်ပြီး ပြင်ဆင်လာခဲ့သည့် လူငယ်ရေးရာမူဝါဒများနှင့် ကရင်နီပြည်တွင် မှီတင်းနေထိုင်ကြသည့် လူမျိုးစု လူငယ်များ၏ သက်ဆိုင်ရာလူမျိုးအလိုက် ဆွေးနွေးချက်များကိုအခြေခံပြီး လူငယ်မူဝါဒတစ်ရပ်အဖြစ်သို့ ပြင်ဆင်ဖြည့်စွက်ခဲ့ပါသည်။ ထို့သို့ပြင်ဆင်ဖြည့်စွက်ပြီး လွိုင်ကော်မြို့နယ်ခန်းမတွင်ပြုလုပ်သော လူငယ်များ

နီးနှောဖလှယ်ပွဲတွင် ကရင်နီပြည်လူငယ်များမူဝါဒ မူကြမ်းအဖြစ် ကရင်နီပြည်တွင် မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူငယ်များမှ အတည်ပြုသတ်မှတ်လိုက်သည်။

၂၀၂၀ ခုနှစ်၊ မတ်လ (၁၆-၁၈) ဝမ်ငေါ့ကျေးရွာတွင် ပထမအကြိမ်ပြုလုပ်သော ကရင်နီပြည် လူမျိုးစုလူငယ်များတွေ့ဆုံနီးနှောဖလှယ်ပွဲတွင် ကရင်နီပြည်လူငယ်များမူဝါဒ ပြန်လည်သုံးသပ်ခြင်း၊ အကြံပြုချက် ရယူခြင်းများ ပြုလုပ်ခဲ့ကြပါသည်။ ၂၀၂၁ ခုနှစ် စစ်ကောင်စီမှ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ကရင်နီပြည် လူငယ်များအင်အားစုမှ ကရင်နီပြည်လူငယ်များမူဝါဒပေါ်ပေါက်လာရေးနှင့် လူငယ်ရေးရာ လုပ်ငန်းများတွင် အားကောင်းစွာ ဆောင်ရွက်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လာခဲ့ပါသည်။ ထို့ကြောင့် ၂၀၂၂ခုနှစ်၊ နိုဝင်ဘာလ (၁၈-၁၉)၊ ဖယ်ခုံမြို့နယ် လအိကျေးရွာတွင် ပြုလုပ်သော ဒုတိယအကြိမ် ကရင်နီပြည် လူမျိုးစု လူငယ်များ တွေ့ဆုံနီးနှောဖလှယ်ပွဲတွင် ကရင်နီပြည်လူငယ်များမူဝါဒ ပြန်လည်သုံးသပ်ခြင်း၊ အကြံပြုချက် ရယူခြင်းများ ပြုလုပ်ခဲ့ကြပြီး ကရင်နီပြည်အတိုင်ပင်ခံကောင်စီထံ ကြားကာလအစီမံတွင် ကရင်နီပြည် လူငယ်ကော်မတီ တစ်ရပ်ထွက်ပေါ်လာရန် လူငယ်အင်အားစုများမှ တောင်းဆိုမှု ပြုလုပ်ခဲ့ပါသည်။ ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ ကြားကာလအစီအမံအရ ကရင်နီပြည်လူငယ်ရေးရာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ၂၀၂၃ခုနှစ်၊ မေလ (၁၅) ရက်နေ့တွင် ကရင်နီပြည် လူငယ်ရေးရာ မူဝါဒရေးဆွဲရေးကော်မတီကို (၇)ဦးဖြင့် ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းစဉ်များ ချမှတ်ခဲ့ပါသည်။ လုပ်ငန်းစဉ်အရ ၂၀၂၃ခုနှစ်၊ မေလ (၃၀ - ၃၁) ရက်နေ့အထိ ကရင်နီပြည်လူငယ် အင်အားစုများတွေ့ဆုံပွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင် ကရင်နီပြည်လူငယ်အင်အားစုများ နှင့် အွန်လိုင်းမှ ပြုလုပ်သော အစည်းအဝေးများတွင် ကရင်နီပြည်လူငယ်မူဝါဒ ပြန်လည် သုံးသပ်ခြင်းနှင့် ဖြည့်စွက်ပြင်ဆင်ခြင်းများ အခြေခံပြီး ၂၀၂၃ခုနှစ်၊ ဇူလိုင်လ (၁၆-၂၀) ဒီးမော့ဆိုအနောက်ခြမ်းတွင်ပြုလုပ်သော လူငယ်မူဝါဒရေးဆွဲရေး ကော်မတီ ဆွေးနွေးပွဲမှ ဒုတိယအကြိမ် လူငယ်မူဝါဒမူကြမ်းအဖြစ် ပြင်ဆင်ရေးသားခြင်းများ ပြုလုပ်ခဲ့သည်။ ပြင်ဆင်ရေးသား ပြီးသောမူကြမ်းများကို သြဂုတ်လအတွင်း ဖရူဆိုမြို့နယ်တွင် (၂) ကြိမ်၊ လွိုင်ကော်မြို့နယ်တွင် (၂) ကြိမ်၊ ဒီးမော့ဆို မြို့နယ်တွင် (၃) ကြိမ်၊ ဖယ်ခုံမြို့နယ်တွင် (၃) ကြိမ် ပြန်လည်ချပြခြင်းနှင့်အကြံပြုမှု ရယူခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထိုမြို့နယ်အသီးသီး၏ လူငယ်အင်အားစုများနှင့် မူဝါဒချပြမှုမှ ရရှိလာသော အကြံပြုဆွေးနွေးချက်များကို ၂၀၂၃ခုနှစ်၊ စက်တင်ဘာလ (၁၇) ရက်နေ့တွင် လူငယ်မူဝါဒမူရေးဆွဲရေးကော်မတီမှ ပြန်လည်ပြုစုရေးသားခြင်း ပြုလုပ်ခဲ့ပါသည်။

ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)

# နိဒါန်း

ခေတ်အဆက်ဆက် စစ်အစိုးရအပြင် ခေတ်အဆက်ဆက်အစိုးရများသည် အနာဂတ်မျိုးဆက်သစ်လူငယ်များအား နိုင်ငံရေးတွင်ပါဝင်ခွင့်၊ လွတ်လပ်စွာတွေးခေါ်ခွင့်နှင့် လူငယ်များ၏ အနာဂါတ်အား လူငယ်များကိုယ်တိုင် ဖန်တီးဆုံးဖြတ်ခွင့်ကို အလွန်အမင်းကန့်သတ်ချုပ်ချယ်လာခဲ့သည်မှာလည်း ယခုတိုင်ဆိုလျှင် ဆယ်စုနှစ်ပေါင်း(၇)စု နီးပါးရှိခဲ့ပြီဖြစ်သည်။ လူငယ်များ၏ စွန့်ဦးတီထွင်မှု၊ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများကိုလည်း ထောက်ပံ့ကူညီရန်လည်း ခေတ်အဆက်ဆက်အစိုးရများသည် မျက်ကွယ်ပြု လျစ်လျူရှုခဲ့ကြသည်။

ထိုမျှမကဘဲ လူငယ်များသည် အနာဂတ်၏ကြယ်ပွင့်များ၊ လူကြီးများ၏ တာဝန်ကို ပုခုံးပြောင်းတာဝန်ယူရမည်မှာ လူငယ်များဖြစ်သည်ဟု နှုတ်မှ ပြောဆိုနေသော်လည်း လက်တွေ့တွင် ထိုတာဝန်များကို ယူနိုင်ရန် လူငယ်များအား ကိုယ်စားပြုသော လူငယ်များ၏အရေးကိစ္စကို ဆောင်ရွက်ပေးနိုင်သော အစိုးရယန္တရားတစ်ရပ်၊ လူငယ်များကို ကိုယ်စားပြုသော မူဝါဒတစ်ရပ်သည် လက်ရှိအချိန်ထိ ကရင်နီပြည် လူငယ်ရေးရာမူဝါဒ မပေါ်ပေါက်ခင်အထိ ပေါ်ပေါက်ခြင်းမရှိသေးပါ။

ထိုသို့ မျက်ကွယ်ပြု လျစ်လျူရှုခဲ့မှု၏ နောက်ဆက်တွဲအဖြစ် လူငယ်များ နိုင်ငံရေးတွင်ပါဝင်ခွင့်၊ လူငယ်များ၏ကံကြမ္မာကို လူငယ်များကိုယ်တိုင် ဖန်တီးဆုံးဖြတ်ခွင့်နှင့် လူငယ်များနှင့်သက်ဆိုင်သော နိုင်ငံရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများအပြင် အခြားသော အခန်းကဏ္ဍအားလုံးတွင် လူငယ်များ၏ ပါဝင်ခွင့်၊ ဆုံးဖြတ်ခွင့်နှင့် ရရှိခံစားခွင့်ရှိသော အခွင့်အလမ်းများလည်း ဆုံးရှုံးခဲ့ကြရပေသည်။

ထို့အတွက်ကြောင့် လူငယ်များသည် မိမိကံကြမ္မာကို မိမိများ ဖန်းတီးဆုံးဖြတ်နိုင်ရန်၊ လူငယ်များနှင့်ဆိုင်သော အရေးကိစ္စ အခန်းကဏ္ဍများတွင် လူငယ်များကိုယ်တိုင် ပါဝင်ဆုံးဖြတ်နိုင်ရန် ၂၀၀၈ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ၂၀၁၅ခုနှစ်တွင် ရွေးချယ်တင်မြောက်သောအစိုးရနှင့် ကရင်နီပြည်လူငယ်အင်အားစုတို့ ပူးပေါင်းကာ နိုင်ငံလုံးဆိုင်ရာလူငယ်မူဝါဒ တစ်ရပ်အား ရေးဆွဲခဲ့ကြသည်။ သို့သော်လည်း ယင်းတစ်နိုင်ငံလုံးဆိုင်ရာ မူဝါဒရေးဆွဲရေးဖြစ်စဉ်သည် ဗဟိုချုပ်ကိုင်မှုများခြင်း၊ လူငယ်အားကိုယ်စားပြုမှုအလွန်နည်းခြင်း တို့ကြောင့် ကရင်နီလူငယ်အင်အားစုများအနေဖြင့် ယင်းလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်မှုမရှိတော့ဘဲ ကရင်နီပြည် လူယ်တွေ့ဆုံပွဲများမှ ရရှိလာသောအချက်အလက်များ၊ လူငယ်အသံများ၊ လူငယ်အမြင်များ၊ ကွင်းဆင်း ကောက်ယူမှုမှ ရရှိလာသော လူငယ်များတွေ့ကြုံရင်ဆိုင်နေရသော အခက်အခဲပြဿနာများ၊ တောင်းဆိုချက်များကို အခြေခံကာ ကရင်နီပြည်လူငယ်မူဝါဒမူကြမ်းကို အဆင့်ဆင့် ရေးဆွဲခဲ့ကြသည်။

၂၀၂၁ခုနှစ်၊ အကြမ်းဖက်စစ်တပ်မှ နိုင်ငံတော်အာဏာအလုံးစုံအား မတရားသိမ်းယူပြီး နောက်ပိုင်းတွင် ပေါ်ပေါက်လာသော ကရင်နီပြည်အတိုင်ပင်ခံကောင်စီ၏ လမ်းညွှန်မှုဖြင့် မူဝါဒ ရေးဆွဲရေးကော်မတီတရပ်ဖွဲ့စည်းကာ ကရင်နီပြည်လူငယ်မူဝါဒရေးဆွဲရေးတွင် ကရင်နီပြည် လူငယ်များအားလုံးပါဝင်ရေးကို ရှေးရှုကာ ကရင်နီပြည်ရှိ လူမျိုးစုလူငယ်များ၊ လူငယ်အသင်းအဖွဲ့များ၊ တော်လှန်ရေး လက်နက်ကိုင်အဖွဲ့လူငယ်များအား တွေ့ဆုံဆွေးနွေးမှု အကြိမ်ကြိမ်ပြုလုပ်ကာ မူဝါဒမူကြမ်းအား ထပ်မံအတည်ပြုခဲ့ကြပါသည်။ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၁-၂၂) ရက်နေ့ တွင် ပြုလုပ်ကျင်းပသော ပထမအကြိမ် ကရင်နီပြည်လူငယ်ညီလာခံတွင် ကရင်နီပြည်လူငယ်မူဝါဒအား အတည်ပြုနိုင်ခဲ့သည်။

ကရင်နီပြည်လူငယ်မူဝါဒပေါ်ထွက်လာခြင်းသည် ကရင်နီပြည်တွင်းရှိ လူငယ်များအားလုံးအတွက် ရှင်းလင်းပြတ်သားသော မူဝါဒလမ်းစဉ်တရပ် ပေါ်ထွက်လာခြင်းဖြစ်ပြီး ကရင်နီပြည်ရှိလူငယ်အားလုံး၏ ကိုယ်စားပြုမှုဖြင့် အကျိုးသက်ရောက်မှုရှိစေရန် ဖြစ်ပါသည်။

ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)

## အခန်း (၁)
## အမည်နှင့် အဓိပ္ပါယ်ဖွင့်ဆိုချက်

၁။ ဤမူဝါဒအား **ကရင်နီပြည် လူငယ်ရေးရာမူဝါဒ**ဟု ခေါ်တွင်ရမည်။

၂။ ဤမူဝါဒပါ စကားရပ်များသည် အောက်ပါအတိုင်းအဓိပ္ပါယ်သက်ရောက်စေရမည်။

(က) **ကရင်နီပြည်** သမိုင်းအစဉ်အလာအရ တည်ရှိခဲ့သည့် ကရင်နီပြည်၏ နယ် (၄) နယ်ကိုအခြေခံ၍ ကန္တရဝတီနယ်၊ ကြယ်ဖိုးကြီးနယ်၊ ဘောလခဲနယ်နှင့် မိုးဗြဲနယ်အပါအဝင် ကရင်နီအမျိုးသားများ တစ်ဆက်တစ်စပ်တည်း နေထိုင်သော ဒေသများတို့ဖြင့် နိုင်ငံရေးအရ ပြန်လည်စုစည်းထားသော ဖက်ဒရယ် ပြည်ထောင်စု၏ အဖွဲ့ဝင် ပြည်နယ် တစ်ပြည်နယ် ဖြစ်သည်။

(ခ) **ကရင်နီပြည်၌ဌာနေတိုင်းရင်းသား** ကရင်နီပြည်အတွင်း မူလကနဦး နေထိုင်ခဲ့သော တိုင်းရင်းသားများ အပါအဝင် ကယား၊ ကယန်း၊ ကယော၊ မနုမနော (ကော်ယော်)၊ ယင်းတလဲ၊ ဂေဘား၊ ပကူး(ကရင်) တို့ဖြစ်သည်။

(ဂ) **မူဝါဒ** ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး စသည့်မဏ္ဍိုင်(၃)ရပ်တွင် သော်လည်းကောင်း ပါတီနိုင်ငံရေးအစုအဖွဲ့တွင် သော်လည်းကောင်း၊ တိုင်းရင်းသား လက်နက်ကိုင်အစုအဖွဲ့များ သော်လည်းကောင်း၊ အရပ်ဘက်အဖွဲ့အစည်းများတွင် သော်လည်းကောင်း လုပ်ငန်းများ လည်ပတ်ရာတွင် အခြေခံရမည့် စံသတ်မှတ်ချက်များနှင့် လေးစားလိုက်နာရမည့် လမ်းညွှန်ချက်များဖြစ်သည်။

## အခန်း (၂)
## မျှော်မှန်းချက်၊ ရည်ရွယ်ချက်နှင့် အခြေခံမူများ

### မျှော်မှန်းချက်

၃။ (က) လူငယ်များသည် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ဆုံးဖြတ်ခွင့်ရှိစေရေး၊

(ခ) လူငယ်များ၏ကံကြမ္မာကို လူငယ်များကိုယ်တိုင်ဖန်တီးခွင့်ရှိစေရေး။

### ရည်ရွယ်ချက်

၄။ လူငယ်များသည် -

(က) လူငယ်၏ ရပိုင်ခွင့်နှင့် အခွင့်အလမ်းများကို အပြည့်အဝရစေရန်၊

(ခ) ပိုမိုစည်းလုံးညီညွတ်မှုရှိပြီး မတူကွဲပြားသော ယဉ်ကျေးမှုကို အခြေခံသည့် လူမှုဝန်းကျင်တွင် သဟဇာတရှိစေရန်၊

(ဂ) ပြည်ထောင်စုနှင့် ပြည်နယ်များတွင် လူငယ်များကို သီးသန့် ကိုယ်စားပြုနိုင်သော ယန္တရား တစ်ရပ်ရှိရန်၊

(ဃ) နိုင်ငံရေးဖြစ်စဉ်အားနားလည်ပြီး ဖက်ဒရယ်ပြည်ထောင်စုနှင့် ကရင်နီပြည် တည်ဆောက်ရေး အခန်းကဏ္ဍများတွင် ပိုမိုပါဝင်လာစေရန်။

### အခြေခံမူများ

၅။ အခြေခံမူမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လူငယ် ဆိုသည်မှာ အသက် (၁၆) နှစ်မှ (၃၅) နှစ်အကြား ကိုဆိုလိုသည်။

(ခ) အသက် (၁၈) နှစ်ပြည့်သော လူငယ်တိုင်း လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။

(ဂ) လူငယ်များသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်ခွင့်နှင့် ပါဝင်ဆုံးဖြတ်ပိုင်ခွင့်များရှိသည်။

(ဃ) လူငယ်များ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကရင်နီပြည်၏ နှစ်စဉ်ဘဏ္ဍာတွင် လုံလောက်စွာ လျာထားချက်များထား၍ သုံးစွဲရမည်။

(င) လူငယ်များသည် စီးပွားရေး၊ လူမှုရေး၊ နည်းပညာ၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အနုပညာ၊ အားကစားနှင့် အပန်းဖြေမှု အခွင့်အလမ်းများကို လက်လှမ်းမီသည့် လူမှုဝန်းကျင်တွင် ရှင်သန်ကြီးထွားခွင့် ရှိရမည်။

(စ) လူငယ်များသည် ကျား/မ၊ လူမျိုး၊ ဘာသာ၊ အသားအရောင်၊ မသန်စွမ်းနှင့် လိင်စိတ်ခံယူမှု အပေါ် အခြေခံ၍ ခွဲခြားခြင်းမရှိစေရ။

(ဆ) လူငယ်များသည် လွတ်လပ်စွာ တွေးခေါ်တီထွင်ကြံဆခွင့်နှင့် အသိအမှတ်ပြုခြင်းခံရခွင့် ရှိသည်။

ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)

# အခန်း (၃)
## လူငယ်တို့၏တာဝန်နှင့် ဝတ္တရားများ

၆။ လူငယ်များသည်-

(က) လူငယ်များအချင်းချင်းကြား မတူကွဲပြားမှု၊ သဟဇာတဖြစ်တည်မှုကို ထိန်းသိမ်းရမည်။

(ခ) လူငယ်တစ်ဦးချင်းစီ၏ အခြေခံရပိုင်ခွင့်များကို လေးစားတန်ဖိုးထားရမည်။

(ဂ) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိသည်။

(ဃ) အမျိုးသားရေး ဝိသေသ လက္ခဏာများနှင့် သမိုင်းယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်။

(င) ဤမူဝါဒကို လေးစားလိုက်နာရန် တာဝန်ရှိသည်။

## အခန်း (၄)
## ကရင်နီပြည်လူငယ်ရေးရာကော်မတီ ဖွဲ့စည်းခြင်း

### ကရင်နီပြည်လူငယ်ရေးရာကော်မတီ ဖွဲ့စည်းခြင်း

၇။ ကရင်နီပြည်လူငယ်ရေးရာကော်မတီသည် ဌာနေတိုင်းရင်းသား လူမျိုးစု (၇) စုမှ တစ်စုလျှင် (၁) ဦးနှုန်း ဖြင့်လည်းကောင်း၊ ကရင်နီပြည် လူဦးရေစုစုပေါင်း၏ (၅) ရာခိုင်နှုန်းရှိသော လူမျိုးစု တစ်စုလျှင် (၁) ဦးနှုန်း ဖြင့် လည်းကောင်း ရွေးချယ်စေလွှတ်သည့် ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းသည်။

၈။ ကရင်နီပြည်လူငယ်ရေးရာကော်မတီဝင်သည် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံရမည်။

(က) အသက် (၁၈) နှစ်ပြည့်ပြီးသော လူငယ်ဖြစ်ရမည်။

(ခ) ကရင်နီပြည်တွင် တစ်ဆက်စပ်တည်း အနည်းဆုံး (၁၀) နှစ် နေထိုင်သူဖြစ်ရမည်။

(ဂ) ကရင်နီပြည်သား ဖြစ်ရမည်။

(ဃ) သက်ဆိုင်ရာလူမျိုးစု ကိုယ်စားပြုတင်သွင်းသူဖြစ်ရမည်။

(င) ကရင်နီပြည်၏ စစ်ရေး၊ နိုင်ငံရေး သိရှိနားလည်သူဖြစ်ရမည်။

(စ) ကိုယ်စားပြုကိုယ်စားလှယ်သည် စစ်ကောင်စီနှင့် မည်သည့်အကြောင်းကြောင့်နှင့်မျှ ပတ်သက်ဆက်နွယ်ခြင်း မရှိစေရ။

(ဆ) ကိုယ်စားလှယ်သည် နိုင်ငံရေးပါတီ သို့မဟုတ် လက်နက်ကိုင်အစုအဖွဲ့ တစ်ခုခု၏ အဖွဲ့ဝင်ဖြစ်သော်ငြားလည်း ၎င်းကိုယ်စားပြုမှုသည် အပိုဒ် (၇) အရ လူမျိုးစုကိုသာလျှင် ကိုယ်စားပြုခြင်းဖြစ်၍ သက်ဆိုင်ရာ လူမျိုးစု၏ တာဝန်နှင့်လုပ်ပိုင်ခွင့် ပေးအပ်ချက်အရသာလျှင် ကရင်နီပြည်လူငယ်ရေးရာကော်မတီတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

၉။ ကရင်နီပြည်လူငယ်ရေးရာကော်မတီ၏ သက်တမ်းသည် ညီလာခံသက်တမ်းနှင့်အညီ ဖြစ်သည်။

### တာဝန်နှင့် လုပ်ပိုင်ခွင့်

၁၀။ ကရင်နီပြည်လူငယ်ရေးရာကော်မတီ ၏ **တာဝန်နှင့် လုပ်ပိုင်ခွင့်**များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) ကရင်နီပြည်လူငယ်ရေးရာကော်မတီသည် -

(၁) ကရင်နီပြည်အတွင်းရှိ လူငယ်များကို ကိုယ်စားပြုဆောင်ရွက်ခြင်း၊

(၂) ကရင်နီပြည်လူငယ်ညီလာခံ ခေါ်ယူကျင်းပခြင်း၊

(၃) ညီလာခံမှ ချမှတ်သည့် မူဝါဒများ၊ လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်း၊

(၄) လူငယ်ရေးရာကိစ္စများကို လမ်းညွှန်ခြင်းနှင့် ဖြေရှင်းဆုံးဖြတ်ခြင်း။

(၅) ပြည်ထောင်စုအရေးနှင့် ကရင်နီပြည်အရေးများတွင် ကရင်နီပြည်အတွင်းရှိ လူငယ်များ ကိုယ်စားပြု ပါဝင်ဆောင်ရွက်နိုင်ရန် လူငယ်ကိုယ်စားလှယ်စေလွှတ်ခြင်း၊

(၆) ကရင်နီပြည်အတွင်းရှိ လူငယ်များ၏ အသံများကို နားထောင်စုစည်းခြင်းနှင့် ကိုင်တွယ်ဆောင်ရွက်ခြင်း၊

(၇) ကရင်နီပြည်၏ မဏ္ဍိုင်သုံးရပ်နှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(၈) သက်ဆိုင်ရာအဖွဲ့အစည်းများက လက်တွေ့တွင် ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း ရှိ/မရှိ စိစစ်ခြင်း။

(ခ) ကရင်နီပြည်လူငယ်ရေးရာကော်မတီသည် -

(၁) လုပ်ငန်းလိုအပ်ချက်အရ လိုအပ်သော ကော်မတီများ၊ အဖွဲ့များကို ဖွဲ့စည်းခြင်းနှင့် ဝန်ထမ်းများ ခန့်အပ်ခြင်းများ ပြုလုပ်နိုင်သည်။

(၂) ဤမူဝါဒများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များ အရ ပြည်တွင်း/ပြည်ပမှ အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်သည်။

(၃) ကရင်နီပြည်အတွင်းရှိ လူငယ်များ၏ကိုယ်စား ကိုယ်စားပြုခွင့်နှင့် ပြောရေးဆိုခွင့်ရှိသည်။

(၄) ကရင်နီပြည်လူငယ်ရေးရာကိစ္စနှင့်စပ်လျဉ်း၍ ညီလာခံခေါ်ယူသင့်သည့်အထိ အရေးပေါ် အခြေအနေဆုံးဖြတ်ရန်လိုအပ်လျှင် အရေးပေါ် ကရင်နီပြည်လူငယ်ညီလာခံ ခေါ်ယူကျင်းပနိုင်သည်။

## အခန်း (၅)
## ကရင်နီပြည်လူငယ်ညီလာခံကျင်းပခြင်း

### ညီလာခံကျင်းပခြင်း

၁၁။ ကရင်နီပြည်လူငယ်ညီလာခံကို (၃) နှစ်လျှင် တစ်ကြိမ် ပြုလုပ်ရမည်။

၁၂။ ကရင်နီပြည်လူငယ်ညီလာခံ၏ သဘာပတိသည် ကရင်နီပြည်အတိုင်ပင်ခံကောင်စီ ဖြစ်သည်။

၁၃။ ကရင်နီပြည်လူငယ်ညီလာခံသည် အောက်ပါအတိုင်း လူမျိုးစုလူငယ်များ၊ လူငယ်ဆိုင်ရာ အရပ်ဖက်အဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီ၏လူငယ်များ၊ အခြားပါဝင်သင့်ပါဝင်ထိုက်သော လူငယ်များဖြင့် ကျင်းပသည်-

(က) လူမျိုးစုလူငယ် တစ်စုလျှင် ကိုယ်စားလှယ် - (၁၀) ဦး၊

(ခ) လူငယ်ဆိုင်ရာအရပ်ဘက်အဖွဲ့အစည်းတစ်ဖွဲ့လျှင် ကိုယ်စားလှယ် - (၁) ဦး၊

(ဂ) နိုင်ငံရေးပါတီ တစ်ပါတီလျှင် လူငယ်ကိုယ်စားလှယ် - (၁) ဦး၊

(ဃ) ပါဝင်သင့်ပါဝင်ထိုက်သူများ ကိုယ်စားလှယ် - (၅) ဦး။

၁၄။ ဖိတ်ကြားခံရသော လူမျိုးစုနှင့်အစုအဖွဲ့အသီးသီး၏ ညီလာခံကိုယ်စားလှယ် စုစုပေါင်းထက်ဝက်ကျော် တက်ရောက်လျှင် ညီလာခံ အထမြောက်သည်။

၁၅။ တက်ရောက်လာသော ညီလာခံကိုယ်စာလှယ်များ၏ (၆၅) ရာခိုင်နှုန်းမှ ဆုံးဖြတ်လျှင် ဆုံးဖြတ်ချက်အတည်ဖြစ်သည်။

၁၆။ ကရင်နီပြည်လူငယ်ညီလာခံသည် အောက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်သည်-

(က) ကရင်နီပြည်လူငယ်ရေးရာမူဝါဒမူကြမ်းအား အဆိုပြုတင်သွင်းခြင်း၊ ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်အတည်ပြုခြင်း၊

(ခ) ကရင်နီပြည်လူငယ်ရေးရာကော်မတီဖွဲ့စည်းခြင်း၊ ရွေးကောက်တင်မြောက်ခြင်း၊

(ဂ) ကရင်နီပြည်အတွင်းရှိ လူငယ်ရေးရာကိစ္စများကို အဆိုပြုတင်သွင်းခြင်း၊ ဆွေးနွေးခြင်းနှင့် ဆုံးဖြတ်အတည်ပြုခြင်း၊

(ဃ) ကရင်နီပြည်လူငယ်ရေးရာဆိုင်ရာ မူဝါဒနှင့် လုပ်ငန်းစဉ်များချမှတ်ခြင်း၊

(င) တက်ရောက်လာသော ကိုယ်စားလှယ်များ၏ (၆၅) ရာခိုင်နှုန်းမှ ဆုံးဖြတ်လျှင် ဆုံးဖြတ်ချက်အတည်ဖြစ်သည်။

၁၇။ ညီလာခံကိုယ်စားလှယ်သည် -

(က) အသက် (၁၈) နှစ်ပြည့်ပြီးသောလူငယ်ဖြစ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာလူမျိုးစု သို့မဟုတ် သက်ဆိုင်ရာအစုအဖွဲ့ကို ကိုယ်စားပြုသူဖြစ်ရမည်။

(ခ) သက်ဆိုင်ရာလူမျိုးစုကဖြစ်စေ၊ သက်ဆိုင်ရာအစုအဖွဲ့ကဖြစ်စေ သက်ဆိုင်ရာညီလာခံကိုယ်စားလှယ်အား ပြောင်းလဲခန့်အပ်ခြင်း မရှိသရွေ့ ညီလာခံသက်တမ်းတစ်ခုအတွင်း အချိန်ပြည့်ညီလာခံကိုယ်စားလှယ်ဖြစ်သည်။

(ဂ) ကိုယ်စားပြုကိုယ်စားလှယ်သည် စစ်ကောင်စီနှင့် မည်သည့်အကြောင်းကြောင့်နှင့်အမျှ ပတ်သက်ဆက်နွယ်ခြင်း မရှိစေရ။

၁၈။ အရေးပေါ်ကရင်နီပြည်ညီလာခံသည် -

(က) ကရင်နီပြည်လူငယ်ရေးရာကိစ္စနှင့်စပ်လျဉ်း၍ ညီလာခံခေါ်ယူသင့်သည်အထိ အရေးပေါ် အခြေအနေဆုံးဖြတ်ရန်လိုအပ်လျှင် အရေးပေါ် ကရင်နီပြည်လူငယ်ညီလာခံ ခေါ်ယူကျင်းပနိုင်သည်။

(ခ) ဖိတ်ကြားခံရသော လူမျိုးစုနှင့်အစုအဖွဲ့အသီးသီး၏ ညီလာခံကိုယ်စားလှယ် စုစုပေါင်းထက်ဝက်ကျော် တက်ရောက်လျှင် ညီလာခံအထမြောက်သည်။

(ဂ) ကရင်နီပြည်လူငယ်ညီလာခံကို သက်ဆိုင်ရာကဏ္ဍအလိုက် လူငယ်များမှ စေလွှတ်ထားသော လူငယ်ကိုယ်စားလှယ်များ လစ်လပ်လျှင်သော်လည်းကောင်း၊ ကရင်နီပြည်၏စစ်ရေး၊ နိုင်ငံရေးအရ အရေးပေါ်ဆုံးဖြတ်ရန် လိုအပ်လျှင်သော်လည်းကောင်း ခေါ်ယူကျင်းပနိုင်သည်။

(ဃ) အရေးပေါ်ကရင်နီပြည်ညီလာခံကို ခေါ်ဆိုရန် ကရင်နီပြည်လူငယ်ရေးရာကော်မတီဝင် (၆၀) ရာခိုင်နှုန်းမှတောင်းဆိုလျှင် ခေါ်ယူခွင့်ရှိသည်။

(င) တက်ရောက်လာသော ညီလာခံကိုယ်စာလှယ်များ၏ (၆၅) ရာခိုင်နှုန်းမှ ဆုံးဖြတ်လျှင် ဆုံးဖြတ်ချက် အတည်ဖြစ်သည်။

(စ) အကြောင်းအမျိုးမျိုးကြောင့် အရေးပေါ်ညီလာခံတွင် မတက်ရောက်နိုင်သော လူမျိုးစု၊ အစုအဖွဲ့အသီးသီးလူငယ်များသည် အရေးပေါ်ညီလာခံမှ ချမှတ်လိုက်သော ညီလာခံ ဆုံးဖြတ်ချက်များကို လက်ခံမှုရှိရမည်။

၁၉။ ညီလာခံအငြင်းပွားမှုနှင့် ဆုံးဖြတ်ချက်ရယူမှုလမ်းကြောင်းများ-

(က) သဘာပတိ၏ လမ်းညွှန်မှုကို လေးစားလိုက်နာရမည်။

(ခ) တက်ရောက်လာသော ညီလာခံကိုယ်စားလှယ်များမှ ညီလာခံအတွင်း အချိန်ယူ အကျေအလည် ဆွေးနွေးပြီး သဘောထားများ ပြန်လည်ရယူခြင်း။

(ဂ) အထက်ပါလမ်းကြောင်းများဖြင့် မကျေလည်နိုင်လျှင် တက်ရောက်သောကိုယ်စားလှယ်များ၏ သဘောထားဖြင့် ညီလာခံမှတ်တမ်းအဖြစ် ထားရှိမည်။

## အခန်း (၆)
## လူငယ်ရေးရာဆိုင်ရာ အခြေခံကဏ္ဍများ

### ပညာရေး

၂၀။ လူငယ်များသည် မိမိသင်ယူလေ့လာဆည်းပူးလိုသော ဘာသာရပ်များကို လွတ်လပ်စွာ ရွေးချယ်ပိုင်ခွင့် ရှိရမည်။

၂၁။ လူငယ်အသက်အရွယ်အပိုင်းအခြားနှင့် သက်ဆိုင်သည့် ပညာရေးတွင် လူငယ်များ လွတ်လပ်စွာ တွေးခေါ်တီထွင်ကြံဆခွင့်ရှိသည့် ပညာရေးစနစ်ကို အခြေခံရမည့်အပြင် ယင်းတို့၏ တီထွင်ကြံဆမှုကို အသိအမှတ်ပြုခြင်းခံရခွင့် ရှိရမည်။

၂၂။ အစိုးရသည် လူငယ်များ ကောင်းမွန်စွာ ဆက်လက်ပညာသင်ကြားနိုင်ရန် လိုအပ်သည့်အခွင့်အလမ်းနှင့် ပညာရေးဆိုင်ရာအထောက်အပံ့များကို စီမံဆောက်ရွက်ထားရှိရမည့်အပြင် တော်လှန်ရေးတွင် ပါဝင်သော လူငယ်များ ဆက်လက်ပညာသင်ကြားဆည်းပူးလေ့လာနိုင်ရန်အတွက် အထူးစီမံဆောင်ရွက်ချက်များ ထားရှိရမည်။

၂၃။ အစိုးရသည် လူငယ်များ၏ နိုင်ငံတကာပညာရေးကို လက်လှမ်းမှီနိုင်စေရေးအတွက် အစီအမံများ ချမှတ်ဖော်ဆောင်ရမည်။

၂၄။ ပြည်ထောင်စုနှင့် ကရင်နီပြည်တွင် ပညာရေးစနစ်တည်ဆောက်ရာတွင် လူငယ်များ၏ အတွေးအမြင်များ ထည့်သွင်း၍ ယင်းတို့၏ပါဝင်မှုအခန်းကဏ္ဍကို မြှင့်တင်ရမည်။

### အားကစားနှင့် ကျန်းမာရေး

၂၅။ အစိုးရသည် -

(က) လူငယ်များ မိမိစိတ်အားထက်သန်ရာ အားကစားတွင် လွတ်လပ်စွာပါဝင်ဆောင်ရွက်နိုင်ရန် အခွင့်အလမ်းများကို ဖန်တီးဖော်ဆောင်ရမည်။

(ခ) အားကစားတွင် ထူးချွန်ထက်မြက်သော လူငယ်များအား မြှင့်တင်အားပေးထောက်ပံ့ရမည်။

(ဂ) မည်သည့်လူငယ်မဆို ကရင်နီပြည်နှင့် နိုင်ငံကိုယ်စားပြုရေးတွင် တန်းတူရရှိခွင့်ကို ဖော်ဆောင်ရမည်။

(ဃ) မြို့ပြနှင့် ကျေးလက်များတွင်ရှိသော လူငယ်များက အားကစားပါဝင်လှုပ်ရှားခြင်းမှ တစ်ဆင့် အသက်မွေးဝမ်းကျောင်းပြုနိုင်သည့် ကစားသမားများအဖြစ်သာမက ကျန်းမာသန်စွမ်းသော လူမှုပတ်ဝန်းကျင်းကို ဖန်တီးတည်ဆောက်နိုင်ရန် ယင်းတို့လက်လှမ်းမီသည့် နေရာများတွင် လိုအပ်သည့် အားကစားဆိုင်ရာ အထောက်အကူပစ္စည်းများနှင့် အားကစားကွင်းများ တည်ဆောက်ထားရှိရမည်။

၂၆။ အစိုးရသည် လူငယ်များ အထွေထွေကျန်းမာရေး အသိပညာဗဟုသုတများ ရှိစေရေးအတွက် တွင်တွင်ကျယ်ကျယ် စီမံဆောင်ရွက်ရမည်။

၂၇။ ကရင်နီပြည်တွင် အကြောင်းအမျိုးမျိုးကြောင့် စိတ်ပိုင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသော လူငယ်များအား ပြန်လည်မွမ်းမံကုစားရေး စင်တာများ ထားရှိရမည်။

## နိုင်ငံရေး၊ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေး

၂၈။ အသက် (၁၈) နှစ်ပြည့်ပြီးသည့် လူငယ်တိုင်းသည် ရွေးကောက်ပွဲများတွင် ယှဉ်ပြိုင်ခွင့်ရှိရမည်။

၂၉။ လူငယ်များသည် နိုင်ငံရေးပါတီများနှင့် အသင်းအဖွဲ့များတွင် လွတ်လပ်စွာဖွဲ့စည်းခွင့်နှင့် ပါဝင်ဆုံးဖြတ်ခွင့်များရှိရမည်။

၃၀။ ဖက်ဒရယ်ပြည်ထောင်စုနှင့် ကရင်နီပြည် တည်ဆောက်ရေးလုပ်ငန်းစဉ်၏ ဦးဆောင်မှုအခန်းကဏ္ဍအသီးသီးတွင် လူငယ်များပါဝင်ဆုံးဖြတ်ခွင့်ရှိရမည်။

၃၁။ လူငယ်များသည် လွတ်လပ်စွာ နိုင်ငံရေးဆိုင်ရာ သတင်းအချက်အလက် ရရှိခွင့်နှင့် နိုင်ငံရေးဆိုင်ရာ အသိပညာဗဟုသုတ လေ့လာသင်ယူခွင့်များ ရှိရမည်။

၃၂။ ပြည်ထောင်စုနှင့် ကရင်နီပြည်၏ နိုင်ငံရေးဆိုင်ရာ အခန်းကဏ္ဍအလွှာအသီးသီးတွင် လူငယ်များပါဝင်ခွင့်နှင့် ဆုံးဖြတ်ခွင့်ရှိရမည်။

၃၃။ ပြည်ထောင်စုနှင့် ကရင်နီပြည်၏ ငြိမ်းချမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်သည့် ကဏ္ဍတွင် လူငယ်များ ပါဝင်ဆုံးဖြတ်ခွင့်ရှိရမည်။

၃၄။ လူငယ်များ၏ ရပိုင်ခွင့်များနှင့် အခွင့်အရေးများကို အပြည့်အဝရရှိခံစားခွင့်ရှိရမည်။

၃၅။ အသက် (၁၈) နှစ်ပြည့်ပြီးသော လူငယ်များကိုသာ ကရင်နီပြည်၏ ကာကွယ်ရေးနှင့် လုံခြုံရေး အခန်းကဏ္ဍများတွင် တာဝန်ထမ်းဆောင်ခွင့်ပြုရမည်။

၃၆။ လူနည်းစုလူမျိုးလူငယ်များကို ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်လာစေနိုင်ရေး မြှင့်တင်ပေးရမည်။

## တိုင်းရင်းသား ယဉ်ကျေးမှုဓလေ့ထုံးတမ်းများ ထိန်းသိမ်းမြှင့်တင်ရေး

၃၇။ လူငယ်များသည် မိမိတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းများ ထုတ်ဖော်ပြသခွင့်နှင့် ထိန်းသိမ်းမြှင့်တင်ရေးများကို လုပ်ဆောင်ခွင့်ရှိရမည်။

၃၈။ စာပေ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း အစဉ်အလာများ ကျင်းပပြုလုပ်သည့်နေရာများ၏ ဦးဆောင်မှု အခန်းကဏ္ဍတွင် လူငယ်များကို ဆုံးဖြတ်ပါဝင်ခွင့်ရှိရမည်။

## မူးယစ်ဆေးဝါးအန္တရာယ် လျော့ချရေးနှင့် လူငယ်စာရိတ္တမြှင့်တင်ရေး

၃၉။ အစိုးရသည် လူငယ်များအကြား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေနိုင်သော ဆေးဝါးများအန္တရာယ်ကို ထိရောက်စွာ တားဆီးကာကွယ်ရမည်။

၄၀။ မူးယစ်ဆေးဝါးစွဲနေသော လူငယ်များအား အပြစ်ပေးအရေးယူခြင်းထက် ပြန်လည်ပြုစုပျိုးထောင်ရေးကို ဦးတည်သွားရမည့်အပြင် ယင်းတို့ကို ဥပဒေအရ အကာအကွယ်ပေးရမည်။

## သိပ္ပံနှင့် နည်းပညာ

၄၁။ လူငယ်များသည် သိပ္ပံနှင့် နည်းပညာကို လေ့လာလိုက်စားခွင့်နှင့် လွတ်လပ်စွာ တီထွင်ဖန်တီးခွင့်ရှိရမည်။

၄၂။ အစိုးရသည် လူငယ်များ၏ သိပ္ပံနှင့် နည်းပညာဆိုင်ရာ တီထွင်ဖန်တီးမှုကို အသိအမှတ်ပြုခြင်း၊ ထောက်ပံ့ကူညီခြင်းနှင့် မြှင့်တင်ခြင်းများ ပြုရမည်။

## စီးပွားရေးနှင့် အလုပ်အကိုင်အခွင့်အလမ်း

၄၃။ အစိုးရအနေဖြင့် မတူကွဲပြားသော လူငယ်များ၏ လုပ်ကိုင်နိုင်စွမ်းနှင့် အရည်အချင်းအပေါ် မူတည်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရမည်။

၄၄။ အစိုးရသည် -

(က) လူငယ်များက နိုင်ငံတကာတွင် အလုပ်အကိုင်များ ရှာဖွေလုပ်ကိုင်နိုင်ရန်နှင့် ယင်းတို့၏ လုပ်ငန်းခွင်တွင် လုံခြုံစိတ်ချစွာလုပ်ဆောင်နိုင်ရန် အကာအကွယ်ပေးရမည်။

(ခ) လူငယ်များ၏ စီးပွားရေးဆိုင်ရာ စွန့်ဦးတီထွင်မှုကို မြှင့်တင်ပေးခြင်းနှင့် ယင်းတို့၏ ကုန်ထုတ်လုပ်မှုများအတွက် ဈေးကွက်များကို ဖန်တီးထားရှိရမည်။

## လူငယ်နှင့် လွတ်လပ်ခွင့်

၄၅။ အစိုးရသည် လူငယ်များ လွတ်လပ်စွာ တီထွင်ဖန်တီးခွင့်၊ ထုတ်ဖော်ပြောဆိုခွင့်၊ စုဝေးခွင့်၊ အပြန်အလှန်နှီးနှောဖလှယ်ခွင့်၊ အသိပညာဖလှယ်ခွင့်နှင့် လူငယ်ရေးရာများကို စုစည်းအဖြေရှာနိုင်ရန် လွတ်လပ်သော လူငယ်ဗဟိုစင်တာအဆောက်အအုံများကို လူငယ်များလက်လှမ်းမီနိုင်သည့်နေရာများတွင် အဆင့်ဆင့်ထားရှိရမည်။

၄၆။ လူငယ်တိုင်းသည် အခြေခံလူ့အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ရေးသားဖြန့်ဝေခွင့်၊ စုဝေးခွင့်၊ သွားလာခွင့်နှင့် လေ့လာသင်ယူဖန်တီးခွင့် ရှိရမည်။

၄၇။ အစိုးရသည် လူငယ်များဖြင့် စုဖွဲ့ထားသော လူငယ်သမဂ္ဂများ၊ အသင်းအဖွဲ့များကို လွတ်လပ်စွာ တရားဝင်ရပ်တည်နိုင်ရေးအတွက် အသိအမှတ်ပြုခြင်းနှင့် ပူးပေါင်းဆောင်ရွက်ရန် ဖိတ်ခေါ်ခြင်း၊ လိုအပ်သော အကူအညီများ ပံ့ပိုးပေးခြင်းဖြင့် ပြုရမည်။

## လူငယ်နှင့် အနုပညာ၊ ဂီတ

၄၈။ လူငယ်များအနေဖြင့် အနုပညာကို လွတ်လပ်စွာ ရွေးချယ်ခွင့်နှင့် ဖန်တီးခွင့် ရှိရမည်။

၄၉။ အစိုးရသည် အနုပညာကဏ္ဍအသီးသီးတွင် ဆန်းသစ်တီထွင်ဖန်တီးနိုင်သော လူငယ်များအား အသိအမှတ်ပြုရန်သာမက ယင်းလူငယ်များ၏ အနုပညာများအား နိုင်ငံတကာ အနုပညာ လမ်းကြောင်းသို့ ရောက်ရှိစေရန် အခွင့်အလမ်းနှင့် လိုအပ်သည့် ပံ့ပိုးမှုများ ပြုရမည်။

၅၀။ လူငယ်များ၏အနုပညာဖန်တီးမှုများသည် တန်းတူရည်တူ အခွင့်အရေးရှိရမည်။

## အခန်း (၇)

## အထွေထွေ

၅၁။ နိုင်ငံရေး၊ ငြိမ်းချမ်းရေးအပြင် ပြန်လည်ထူထောင်ရေးကိစ္စများတွင် လူငယ်များ၏ အခန်းကဏ္ဍကို အရေးပေးထည့်သွင်းပေးရန်။ အထူးသဖြင့် တော်လှန်ရေးကာလအလွန်တွင် Security Sector Reform ဆောင်ရွက်ချိန်နှင့် DDR ( Disarm, Demobilize and Reintegration ) များတွင် လူငယ်၊ အမျိုးသမီးများကို ဦးတည်သော အစီအမံများဆောင်ရွက်ရမည်။

၅၂။ လူငယ်ရေးရာမူဝါဒနှင့် လက်တွေ့လုပ်ငန်းဖော်ဆောင်ရေးများအတွက် လူထုတွေ့ဆုံပွဲများ ဆက်လက်ဆောင်ရွက်ရမည်။

၅၃။ ကရင်နီပြည်လူငယ်ရေးရာကော်မတီသည် အစိုးရ၏ လုပ်ငန်းအကောင်အထည်ဖော်မှုတွင် ဤလူငယ်မူဝါဒနှင့်ကိုက်ညီမှုရှိအောင် တိုက်တွန်းနှိုးဆော်ပေးရမည်။

၅၄။ ကရင်နီပြည်ကြားကာလ အုပ်ချုပ်ရေးကောင်စီသည်-

(က) ဤမူဝါဒအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကောင်စီတွင် ကရင်နီပြည်လူငယ်ရေးရာ ဌာန ထားရှိရမည်။

(ခ) ယင်း ကရင်နီပြည်လူငယ်ရေးရာဌာန၏ အကြီးအမှူးအား ကရင်နီပြည်လူငယ်ရေးရာကော်မတီက စေလွှတ်သော လူငယ် သို့မဟုတ် ထောက်ခံသော လူငယ်ဖြင့်သာ ခန့်အပ်တာဝန် ပေးရမည်။

၅၅။ ကရင်နီပြည်လူငယ်ရေးရာကော်မတီသည် လူငယ်နှင့်ပတ်သက်သော လိုအပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်နိုင်သည်။

၅၆။ ဤလူငယ်မူဝါဒသည် ကြားကာလ (တော်လှန်ရေးကာလ)၊ အသွင်ကူးပြောင်းရေးကာလ၊ ဖက်ဒရယ်ပြည်ထောင်စု ပေါ်ပေါက်လာသည်အထိ အကျုံးဝင်သည်။

၅၇။ ဤမူဝါဒအား အတည်ပြုပြီး စတင်အကောင်အထည်ဖော်ချိန်မှစ၍ ဤမူဝါဒရှိ ပုဒ်မတစ်ခု သို့မဟုတ် ပုဒ်မအချို့ကို ပြင်ဆင်လိုလျှင် အရေးပေါ်ညီလာခံနှင့် ပုံမှန်ညီလာခံတို့တွင်သာ ပြန်လည်သုံးသပ်၍ ပြင်ဆင်ဖြည့်စွက်ပယ်ဖျက်ကာ ပြန်လည်အတည်ပြုခြင်းများ ပြုလုပ်နိုင်သည်။

၅၈။ ဤမူဝါဒအား အတည်ပြုပြီး စတင်အကောင်အထည်ဖော်ချိန်မှစ၍ ထိုမူဝါဒရှိ ပုဒ်မတစ်ချို့ကို ပြင်ဆင်လိုလျှင် အရေးပေါ်ညီလာခံခေါ်ယူပြီး ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းများ ပြုလုပ်နိုင်သည်။

# ကရင်နီပြည်လူငယ်မူဝါဒဖြစ်ပေါ်လာပုံ ဆောင်ရွက်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ပြဇယား

| စဉ် | အကြောင်းအရာ | ဦးဆောင်သည့်အဖွဲ့အစည်းများ | အချိန်ကာလ |
|---|---|---|---|
| ၁။ | လူငယ်ဖိုရမ် | ကယားပြည်နယ်လူငယ်ကွန်ယက် | ၂၀၁၂ ခုနှစ် |
| ၂။ | လူငယ်ဖိုရမ် | ကယားပြည်နယ်လူငယ်ကွန်ယက် | ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ (၂၂-၂၃) ရက် |
| ၃။ | လူငယ်ဖိုရမ် | ကယားပြည်နယ်လူငယ်ကွန်ယက် | ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ (၂၈-၂၉)ရက် |
| ၄။ | လူငယ်စစ်တမ်းကောက်ယူခြင်း | ကရင်နီပြည်လူငယ်များသမဂ္ဂ | ၂၀၁၃-၂၀၁၅ ခုနှစ် |
| ၅။ | ကရင်နီပြည် တိုင်းရင်းသားလူငယ် မူဝါဒရေးဆွဲရေး ဖိုရမ် | ကရင်နီပြည်လူငယ်အင်အားစု | ၂၀၁၆ ခုနှစ်၊ စက်တာဘာလ (၉-၁၁) ရက် |
| ၆။ | ကရင်နီလူမျိုးစုလူငယ်တွေ့ဆုံနှီး နှောဖလှယ်ပွဲ | ကရင်နီပြည်လူငယ်အင်အားစု | ၂၀၂၀ ခုနှစ်၊ မတ်လ (၁၆-၁၈) ရက် |
| ၇။ | လူမျိုးစုလူငယ် ဖိုရမ် | ကရင်နီပြည်လူငယ်အင်အားစု | ၂၀၂၂ ခုနှစ် နိုဝင်ဘာလ (၁၈-၁၉)ရက် |
| ၈။ | ကရင်နီပြည်လူငယ်မူဝါဒရေးဆွဲ ရေးကော်မတီဖွဲ့စည်းခြင်း | ကရင်နီပြည်အတိုင်ပင်ခံကောင်စီ | ၂၀၂၃ ခုနှစ်၊ မေလ (၁၅) ရက် |
| ၉။ | ကရင်နီပြည်လူငယ်မူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ မေလ (၃၀ - ၃၁) ရက် |
| ၁၀။ | လူငယ်ရေးရာမူဝါဒဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁၆) ရက် |
| ၁၁။ | ကရင်နီပြည်လူငယ်မူဝါဒမူကြမ်း အချောသပ်ပြင်ဆင်ခြင်း အလုပ်ရုံဆွေးနွေးခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ (၁၆-၂၀) ရက် |
| ၁၂။ | လူငယ်ရေးရာမူဝါဒချပြခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁) ရက် |
| ၁၃။ | လူငယ်ရေးရာမူဝါဒချပြခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၆) ရက် |
| ၁၄။ | လူငယ်ရေးရာမူဝါဒချပြခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၁၈) ရက် |
| ၁၅။ | လူငယ်ရေးရာမူဝါဒချပြခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၇) ရက် |
| ၁၆။ | လူငယ်ရေးရာမူဝါဒချပြခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ခုနှစ်၊ ဩဂုတ်လ (၁၀) ရက် |

| | | | |
|---|---|---|---|
| ၁၇။ | လူငယ်များအား လူငယ်ရေးရာမူဝါဒချပြခြင်းနှင့် အကြံပြုချက်များရယူခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၃) ရက် |
| ၁၈။ | လူငယ်ရေးရာမူဝါဒချပြခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၀) ရက် |
| ၁၉။ | လူငယ်ရေးရာမူဝါဒချပြခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၈) ရက် |
| ၂၀။ | လူငယ်ရေးရာမူဝါဒချပြခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ ဩဂုတ် (၁၃) ရက် |
| ၂၁။ | လူငယ်ရေးရာမူဝါဒချပြခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ (၂၄) ရက် |
| ၂၂။ | လူငယ်ရေးရာမူဝါဒချပြခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၁) ရက် |
| ၂၃။ | မြို့နယ်အသီးသီး လူငယ်မူဝါဒ အပေါ် အကြံပြုချက်များပြန်လည် ပြုစုရေးသားခြင်း | မူဝါဒရေးဆွဲရေးကော်မတီ | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၆ -၁၇) ရက် |

ကရင်နီပြည် အတိုင်ပင်ခံကောင်စီ
Karenni State Consultative Council (KSCC)

## ကရင်နီပြည်လူငယ်ရေးရာကော်မတီ အမည်စာရင်း

| | အမည် | ရာထူး |
|---|---|---|
| (၁) | ခွံဗင်းဆင့် | ဥက္ကဋ္ဌ |
| (၂) | ခွန်းသိုင် | ဒု-ဥက္ကဋ္ဌ |
| (၃) | ခူးစိုးရယ်ဒူ | အတွင်းရေးမှူး |
| (၄) | စောရွှေရ | ဘဏ္ဍာထိန်း |
| (၅) | မေးအို | အဖွဲ့ဝင် |
| (၆) | စောနေကလိုစေး | အဖွဲ့ဝင် |